ခုနှစ်စဉ်ကြယ်စာပေ

ချောက်ချောက်ချားချား လုံးချင်းဝတ္ထုသစ်

# သင်္ချိုင်းမြေပိုင်

## ခရေပင်ဇောက်ဝိုး



## စာစု ( ၁ )

## "ခရေပင်ဇောက်ထိုး၏ ...မြစ်ဖျားနိဒါန်း"

ညမှောင်မှောင်၊ လမှောင်မှောင်၊ မိုးမှောင်မှောင်အောက်တွင် ယင်းမာကုန်းသင်္ချိုင်းအနီးရှိ နာမည်ကျော် ‘ခရေပင်ဇောက်ထိုး’ကြီးက မကောင်းဆိုးဝါး တစ္ဆေ ကောင်ကြီးတစ်ကောင် ငုတ်တုတ် ငိုက်မြည်းနေသည် သို့...။

သက်တမ်း (၂၀၀) ကျော် ရှိပြီဖြစ်သော လူသုံးဖက်စာမျှလောက်ရှိသော ခရေပင်ဇောက်ထိုး ခေါ် ခရေပင်အိုကြီးက ရုံဖန်ရုံခါ ဝှေ့ယမ်းတိုက်ခတ်လာသည့် မိုးသက်လေပြင်းအောက်တွင် တရှဲရှဲ တဝေါဝေါနှင့် ဟစ်အော်ညည်းညူရင်း ယိမ်းထိုးလှုပ်ရမ်းလျက်ရှိပါ၏။ မကောင်းဆိုးဝါးကြီးတစ် ကောင်၏ အေးစက်သော လက်တံရှည်ကြီးများ သဖွယ် လေနှင်ရာဝှေ့ရမ်းလွှဲခါနေကြသည့် နွယ်ဒါန်း ရှည်ကြီးများ နှင့် ခရေပင်ဇောက်ထိုးကြီးကိုကြည့်ကာ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးများက အိပ်မောကျနေသည့် သန်းခေါင်ယံညဥ့်ကို ဆွဲခါလှုပ်နှိုးလိုက်သည့်နှယ်ပါတည်း...။

"အူး...ဝူး...ဝူး...အူး...ဝူး...ဝူး"

ခရေပင်ဇောက်ထိုး၊ ယင်းမာကုန်းသင်္ချိုင်းကြီးနှင့် ဖုန်းဆိုးကုန်းတို့၏ ဇာတ်လမ်းက နှယ်နှယ်ရရတော့ မဟုတ်ပါ။ သီပေါမင်း ပါတော်မူပြီး

နောက်ပိုင်း နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူတို့ မြန်မာပြည်ကို သိမ်းပိုက်စိုးမိုးစဉ်ကာလကတည်းက…ယင်းမာကုန်း၊ ဘုရားပြိုကုန်းနှင့် ဖုန်းဆိုး ကုန်းတစ်ဝိုက်မှ မျိုးချစ်တော်လှန်ရေးသမားများက နယ်ချဲ့အင်္ဂလိပ်တို့ ကိုဓားတစ်ဆင်း၊ လှံတစ် ချောင်းဖြင့် ပုန်ကန်ထကြွခဲ့ကြဖူးသည် ။

အင်္ဂလိပ်နယ်ချဲ့တို့ က လာရောက်တိုက်ခိုက် နှိမ်နင်းသည့်တိုင် အလွယ်တကူဖြင့် နှိမ်နင်း၍ မရ…။ တောခြုံသစ်ပင်ကြီးများ ဖြင့် ဖုန်းဆိုးတောကြီးသဖွယ် ဖြစ်နေသည့် ဖုန်းဆိုးကုန်း၊ ယင်းမာ ကုန်းနှင့် ဘုရားပြိုကုန်းတစ်ဝိုက်တွင် လှည့်လည်ခိုအောင်းရင်း အင်္ဂလိပ်တို့ အားပျောက်ကျားစနစ် ဖြင့် ခြုံခိုတိုက်ခိုက်၍ ခုခံခဲ့ကြသည် ။

နောက်ဆုံး အင်္ဂလိပ်တို့ က ကြွက်မနိုင် ကျည်မီးနှင့်ရှို့ဆိုသကဲ့သို့ မျိုးချစ်တော်လှန်ရေးသမား များ ၏ မိသားစုဝင်များကို ဖမ်းဆီးသတ်ဖြတ်ကာ ယင်းမာကုန်းသင်္ချိုင်းအနီးမှ ခရေပင်အိုကြီးတွင် ဓောက်ထိုးချိတ်ဆွဲထားခြင်း၊ မတရားညှင်းပမ်းနှိပ်စက်ခြင်းတို့ ဖြင့် အမာခံတော်လှန်ရေးမျိုးချစ် သူရဲကောင်းများအား မိန်းမဉာဏ်ဖြင့် ဖမ်းဆီးခဲ့ကြပါ၏။ ထို့အတူ…မျိုးချစ်သူရဲကောင်းများအား လည်း ထိုခရေပင်အိုကြီးမှာ ပင် နွယ်ဒါန်းများ နှင့် ရစ်ပတ်သတ်ဖြတ်ကာ ဓောက်ထိုးဆွဲ၍ ရွာသူရွာ သားများအား လာရောက်ကြည့်ရှုစေခြင်းဖြင့် ခြိမ်းခြောက် ဟန့်တားခဲ့ပါလေသည် ။

ထိုသည့်အချိန်ကာလမှ စ၍ …ယင်းမာကုန်းသင်္ချိုင်းအနီးရှိ ခရေပင်အိုကြီးထက်မှ သရဲ၊ တစ္ဆေ များက ဓောက်ထိုးကြီး ဆင်းလာကြခြင်း၊ မိုးမရွာ လေမတိုက်ပါဘဲနှင့် ခရေပင်အိုကြီးမှာ တစ်စုံတစ် ယောက်က ဆွဲကိုင်လှုပ်ဆွဲ ရမ်းလိုက်သကဲ့သို့ တဝေါဝေါ တဝုန်းဝုန်းနှင့် ယမ်းခါလျက်ရှိခြင်း စသော သတင်းစကားများ ဖြင့် သတင်းကြီးလာခဲ့ရာမှ ခေတ်ကာ

လအဆက်ဆက်ဖြတ်သန်းကျော်လွှားလာခဲ့ ချိန်မတော့..."ခရေပင်ဇောက်ထိုး"ဟု နာမည်ကျော်သတင်းကြီးလာခဲ့ခြင်း ဖြစ်ပါတော့သည် ။

ယခုအချိန်မှာ တော့ ယင်းမာကုန်းသင်္ချိုင်းနှင့် ခရေပင်ဇောက်ထိုးကြီးမှာ လည်း ဖုထစ်ရွတ်တွ လျက်ရှိသော သစ်မြစ်ဆုံကြီးများ ၊ မြစ်ပျဉ်းကြီးများ ရှည်လျားရှုပ်ထွေးစွာ တွယ်ငင်ရစ်ပတ်နေကြ သည့် နွယ်ငန်းကြီးများ နှင့် သူဖြတ်သန်းကျော်လွှားခဲ့ရသည့် သက်တမ်းကာလများကို ပြောပြနေ သည့်နှယ်...။

ယင်းမာကုန်းနှင့် ဘုရားပြိုကုန်းရွာကြီးနှစ်ရွာကြား ယင်းမာကုန်းသင်္ချိုင်းအနီးတွင် တည်ရှိ နေသော ခရေပင်ဇောက်ထိုး အနီးဝန်းကျင်သို့ နေဝင်မိုးချုပ်အချိန်များ တွင် မည်သူမျှ ဖြတ်သန်းသွား လာရဲခြင်း မရှိကြ...။ ခေတ်အဆက်ဆက် ယင်းမာကုန်း၊ ဘုရားပြိုကုန်း၊ ဖုန်းဆိုးကုန်းမှ ရွာသူရွာ သားများ နောက်ဆုံးခေါင်းချရာ ယင်းမာကုန်းသင်္ချိုင်းကြီးကလည်း အုတ်ဂူမှတ်တိုင်များ ၊ မြေပုံမို့မို့ များနှင့် ခြုံနွယ်ပိတ်ပေါင်းများ ထူထပ်ခြင်း၊ မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးနှယ် နွယ်ဒါန်းပင် ရှည်များ ရစ်ပတ်လျက် ဖုထစ်ရွတ်တွလျက်ရှိသော...ခရေပင်ဇောက်ထိုးနှင့် ခရေပင်သစ်ခေါင်းထဲတွင် ဆောင့်ကြောင့်ထိုင်လျက်ရှိသော သန်လျက်ထမ်းဘီလူးရုပ်တို့ ရှိခြင်း...စသော ရင်သိမ့်တုန် ခြောက်ခြားဖွယ် ဖြစ်ရပ်တို့ ကြောင့်...ထိုနယ်မြေသည် ပို၍ ပင် တုန်လှုပ်ချောက်ချားဖွယ် ဖုန်းဆိုးနယ်မြေအဖြစ် တည်ရှိလာခဲ့ပါတော့သည် ။

လ,ပျောက်နေသည့် ယနေ့ညကဲ့သို့ လေထန်မိုးမှောင်နေသော ညဉ့်ကာလမျိုးဆိုလျှင်တော့ ပြောဖွယ်ရာ မရှိပါလေတော့...။ သစ်ကိုင်း သစ်ခက်ချင်း ပွတ်တိုက်၍ ထွက်ပေါ်လာသည့် ကျိုးကျိုး ကျီကျီအော်မြည်သံ

များ ၊ သွေးပျက်ချောက်ချားဖွယ်ရာ ခွေးအူသံကြီးများ နှင့်…။ ညဥ့်ငှက်များ တရှန်းရှန်း၊ တဝုန်းဝုန်းဖြင့် သောသောညံနေသည့် ခရေပင်ဇောက်ထိုးအမည်ရ ခရေပင်အိုကြီးသည် ငိုညည်းနေသည့် မကောင်းဆိုးဝါးကြီးတစ်ကောင် သက်ဝင်လှုပ်ရှား နိုးထလာတော့မည့်နှယ်ပါ တည်း…။

ထိုစဉ်အခိုက်မှာ ပင်…ညဥ့်ငှက်မြည်သံများ တဖျန်းဖျန်းနှင့် တောင်ပံရိုက်ခတ်သံများ နှင့် ဆူညံစွာ ကျိုးကျိုးကျီကျီအော်မြည်နေကြသည့် ခရေပင်ဇောက်ထိုးထက်မှ အသံမျိုးစုံတို့ သည် ရုတ်တရက် မီးကိုရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ ထိခနဲ ငြိမ်သက်တိတ်ဆိတ်သွားကြပါ၏။

တချိန်တည်းမှာ ပင် တိတ်ဆိတ်ငြိမ်သက်သွားသည့် ခရေပင်ဇောက်ထိုးကြီးသည် သိမ့်ခနဲ တစ်ချက်မျှ လှုပ်ခတ်ယမ်းခါသွားပြီး ခရေပင်ကိုင်းများ ၊ နွယ်ဒါန်းကြီးများမှ တစ်ဆင့်၊ ပင်စည်လုံး ပတ်ကြီးအတိုင်း အရိပ်မည်းတစ္ဆေကြီးတစ်ကောင်က တဝေါဝေါ တဖျောဖျောနှင့် ဇောက်ထိုးကြီး လွှဲခိုစီးဆင်းကာ ယင်းမာကုန်းသင်္ချိုင်းကြီး၏ အမှောင်ထုအတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားပါ လေတော့သည် ။

အချိန်က နေဝင်ရီသရော…။ နွားရိုင်းသွင်းချိန်…။

သို့သော်…ဆောင်းနေမို့ စောစီးစွာပင် လက်ပြန့ုတ်ဆက်သွားခဲ့လေသည် ထင့်…။ ဒေါ်နက်ထည်တို့ ညီအစ်မ ယင်းမာသင်္ချိုင်းအနီးသို့ရောက်တော့ အမှောင်ရိပ်တို့ က ကြီးစိုးမင်းမူ လျက် ရှိပါချေပြီကော…။

"ဟဲ့…မဲတူ၊ ခပ်သွက်သွက်လာစမ်း…အမဲသားလေးငါးရှစ်ပိဿာ ရှုက်လာရတာများ တုံ့နှေး တုံ့နှေးနဲ့ ဖြစ်နေလိုက်တာ…တကတည်းမှာ ပဲ"

ဒေါ်နက်ထည်က ညီမဖြစ်သူ မဲတူအား ဗျစ်တောက်ဗျစ်တောက်နှင့် မြည်တွန်တောက်တီးရင်း က အမဲသားတောင်းကို ရွက်ကာ ရှေ့မှ ခပ်သွ

က်သွက်လျှောက်နေပါတော့သည် ။ မလျှောက်လို့ မဖြစ်…။ အကြောင်းမှာ ခရေပင်ဓောက်ထိုးနှင့် ယင်းမာကုန်းသင်္ချိုင်းအနီးမှ ဤကဲ့သို့သော အချိန်ကာလမျိုးတွင် မည်သည့်ရွာသားမှ ဖြတ်သန်းသွားလာခြင်းမရှိကြ ။ သို့သော် ဘုရားပြိုကုန်းရွာ မှ အမဲပေါ်သဖြင့် ဈေးသည် သဘာဝ သွားရောက် ယူငင်ကြရသဖြင့် ဒေါ်နက်ထည်တို့ ညီအစ်မမှာ ဝမ်းရေးအတွက် ကြောက်စိတ်ဟူသမျှကို တတ်နိုင်သမျှ ဘေးသို့ ဖယ်ထုတ်ထားရသည် မဟုတ်ပါ လား…။

ယခုလည်း ဘုရားပြိုကုန်းရွာမှ အမဲပေါ်ခြင်းမှာ အတန်ငယ်နောက်ကျသဖြင့် ယခုကဲ့သို့ နေဝင်မိုးချုပ်ဖြစ်ခဲ့ရခြင်းဖြစ်သည် ။

"အစ်မ…အစ်မ…ဟို ဟို ရှေ့ ရှေ့မှာ …ခ ခ ခရေပင်ဓောက်ထိုးကြီး …ကျုပ် ကြောက် ကြောက်တယ်တော့။ ကျုပ်ကို စောင့်…စောင့်…ပါဦး"

ရှေ့အမှောင်ရိပ်ဆီမှ ဆီးကြိုလျက်ရှိသော ခရေပင်ဓောက်ထိုးအရိပ်မည်းကြီးကိုကြည့်ကာ မဲတူတစ်ယောက် အမဲသားတောင်းကြီးရွက်လျက် တုန်တုန်ယင်ယင်ဖြစ်နေပါချေပြီ…။

"ရှဲ…ရှဲ…ရှဲ…ရှဲ…ရှဲ"

"ဖြန်း…ဖြန်း…ဖြန်း"

အရေးထဲ လေပြင်းတစ်ချက်က ဝှေ့ခနဲတိုက်ခတ်လိုက်သဖြင့် သင်္ချိုင်းဇရပ်ကြီးပေါ်မှ သွပ်အမိုးပြားများ ပေါ်သို့ တရှဲရှဲပွတ်တိုက်ယိမ်းထိုးသွားသည့် ခရေကိုင်းများ တဖြန်းဖြန်းရမ်းခါသွား သည့် ခရေရွက်အော်မြည်သံကြီးများကြောင့် ညီအစ်မနှစ်ယောက်စလုံး ခြေလှမ်းများ ပင်တန့်သွားကြ ပါ၏။

"မြတ်…မြတ်စွာဘုရား…ဘာ ဘာ..ဘာသံကြီးတွေလဲဟ…ကြောက်

ကြောက်ပါတယ် ဆိုကာ မှ ...အရေးထဲ"

"အစ်...အစ်မ...အစ်မ...ပိ...တိ...အိ...သော...အဲ အင်း...အိ  တိ ပိ သော...သော ဘ ဂ ဝါ...ဝါ...ဟာ"

ဒေါ်နက်ထည်တို့ ညီအစ်မနှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆွဲရင်း ခေါင်းပေါ်တွင် ရွက်ထားကြသည့် အမဲသားတောင်းကြီးများကို ကျန်လက်တစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင် လျက် ဘုရားစာများကို ကပေါက်တိကပေါက်ချာရွတ်ကာ ခရေပင်ဓောက်ထိုးကြီးအောက်မှ ဖြတ်ကျော်လိုက်စဉ်...။

"ဝုန်း...ဖရူး...ဖလပ်...ဖလပ်...ဖရူး"

ခရေပင်ဓောက်ထိုးကြီးပေါ်မှ အိပ်တန်းတက်ငှက်တချို့ တဝုန်းဝုန်းနှင့်လန့်ဖျန့်ကာ ပျံသန်း သွားကြသဖြင့် နှစ်ယောက်သား ခရေပင်ဓောက်ထိုးကြီးပေါ်သို့ မျက်လုံးအပြူးသားနှင့်မော့ကြည့် လိုက်ကြသည် တွင် ...။

"ဟင်"

"ဟာ"

ခရေပင်ဓောက်ထိုးကြီးသည် တဝုန်းဝုန်းနှင့် လှုပ်ခါရမ်းသွားပြီး ခရေပင်အိုကြီးထက်မှ မျက်လုံးစိမ်းစိမ်းနှင့်အရိပ်မည်းကြီးတစ်ခုက တဖျောဖျောနှင့် ဓောက်ထိုးကြီးဆင်းလာနေသည် ကို အသံမထွက်စတမ်း ငေးကြောင်၍ ကြည့်နေမိကြသည် ။

"ဖျော...ဝရော...ဝရော...ဝုန်း"

"အ...ဟာ"

"အား"

ခဏအတွင်းမှာ ပင် ခရေပင်အိုကြီးထက်မှ တဖျောဖျောနှင့် ဇောက် ထိုးကြီးဆင်းချလာသည့် အရိပ်မည်းတစ္ဆေကြီးမှာ ဒေါ်ထည်နက်၏ အမဲ သားတောင်းကြီးပေါ်သို့ ဝုန်းခနဲ ခုန်အုပ်လိုက် သည် နှင့်…။

"အ…အား…အမလေး…သ…သရဲ…သရဲ…ခရေပင်ဇောက်ထိုး သရဲ …အ…အ…အား"

ဒေါ်နက်ထည်တို့ ညီအစ်မနှစ်ယောက်စလုံး အမဲသားတောင်းကြီးများကို ဝုန်းခနဲပစ်ချကာ ကြောက်လန့်တကြား ဟစ်အော်ရင်း ယင်းမာကုန်းရွာဘက်ဆီသို့ ဝရုန်းသုန်းကား ထွက်ပြေးသွားကြ ပါတော့သည် …။

***

## စာစု ( ၂ )
## "ခရေပင်ဓောက်ထိုးနှင့် တွေ့ဆုံခြင်း"

ခရေပင်ဓောက်ထိုး...။

လွန်ခဲ့သည့် နှစ်နှစ်ကျော်ကျော် မိုးကုန်ပြီးကတည်းက မကောင်းဆိုးဝါးကောင် တစ္ဆေ ဓောက်ထိုးကောင်ကြီးဟု ပိုမို၍ ပြက်ပြက်ထင်ထင် သတင်းကျော်ကြားလာခဲ့သော ယင်းမာကုန်းသ ချိုင်းအစပ်မှ ...ခရေပင်ဓောက်ထိုး...။

ရံဖန်ရံခါ မိုးမရွာ လေမတိုက်ပါဘဲနှင့် တစ်စုံတစ်ယောက်က ဆွဲခါလှုပ်ရမ်းလိုက်သကဲ့သို့ တဝေါဝေါအော်မြည်ကာ ယိမ်းထိုးလှုပ်ခါပြတတ်သော...ခရေပင်ဓောက်ထိုး...။

လူကြီး၊ လူရွယ်၊ လူငယ်၊ ကလေးမှ အစ...ခရေပင်ဓောက်ထိုးဟော့ဆိုလျှင် နားရွက်ကုတ်၊ ခေါင်းငုံ၍ ဝေးဝေးက ရှောင်ရှားသွားကြလေ့ရှိသည့် ခရေပင်ဓောက်ထိုး...။

အနီးခရေပင်ဓောက်ထိုးအမည်ရှိ ခရေပင်အိုကြီးထက်မှ ညညဆိုလျှင် ဓောက်ထိုးကြီးဆင်း လာလေ့ရှိသည့် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီး၏ သတင်းက ဟိုလူပြော သည်လူပြောနှင့် နယ်ချဲ့ အင်္ဂလိပ်တို့ စစ်ဆုတ်ခွာနေကြသည့် သတင်းနှင့်အပြိုင် တစ်စ တစ်စ သတင်းကြီးလာခဲ့ပါသည် ...။

"ဟုတ်တယ်ဟေ့...ဘုရားပြိုကုန်းက ဖိုးမောင်ကလည်း အဲဒီခရေပင်ဓောက်ထိုးက မကောင်း ဆိုးဝါးတစ္ဆေကောင်ကြီးကို မြင်ခဲ့ရတယ်တဲ့ ...။ ညနေမိုးချုပ်မှောင်ရီပျိုးတာနှင့် ခရေပင်အိုကြီးပေါ် ကနေ ဓောက်ထိုးကြီးဆင်းဆင်း လာပြီး ယင်းမာကုန်းသင်္ချိုင်းထဲကို ပြေးပြေး ဝင်သွားတာ နှစ်ခါသုံးခါရှိပြီလို့ ပြောတယ် ကိုတောပျော်"

"အင်း ဒီလိုဆို အမဲသားသည် နက်ထည်ကြီးပြောတာ ဟုတ်မယ်ထင်တယ်တော့..."

"ဟဲ့ ပြောစမ်းပါဦး မိဒေါင်းရဲ့ ...။ ဘာလဲ ခရေပင်ဓောက်ထိုးသရဲကို နက်ထည်ကိုယ်တိုင် မြင်လိုက်ရသတဲ့ လား"

အိမ်ရှေ့ မန်ကျည်းရိပ်ကွပ်ပျစ်တွင် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ရင်း ဦးတောကျော်တို့ အဖွဲ့နှင့် မိဒေါင်းတို့ ၏ ပြောစကားများကိုသာ အဘဦးသာဇံက မေးမြန်းလိုက်ခြင်းဖြစ်သည် ။

"အာ...မြင်လိုက်ရုံတင် ဘယ်ကမလဲ အဘဇံရယ်၊ အဲဒီဓောက်ထိုးသရဲကောင်ကြီးက ဒေါ်နက်ထည်တို့ ညီအစ်မရဲ့ တောင်းထဲက အမဲသားတွေတောင် ဝင်ဆွဲလို့ ညီအစ်မနှစ်ယောက်စလုံး အမဲသားတောင်းတွေ လွှတ်ချခဲ့ပြီး ရွာထဲကို အော်ပြီး ပြေးလာကြပါရောလား...။ သူ့ရဲ့ ညီမ မဲတူ တောင်သရဲပူးသလိုလို...၊ တစ္ဆေပူးသလိုလိုနဲ့ ရွာဦးကျောင်းဆရာတော်ကြီးကိုယ်တိုင် ရေမန်းတိုက် ပြီး ကုပေးလိုက်ရသေးတယ်လေ...။

ထိုကဲ့သို့ ဟိုနေရာ တိုးတိုး၊ သည် နေရာ တိုးတိုးနှင့် ကြာလာတော့ ခရေပင်ဓောက်ထိုးသရဲက ယင်းမာကုန်း၊ ဘုရားပြိုကုန်းနှင့် ဖုန်းဆိုးကုန်း စသော ရွာကြီးများ ထိတိုင် တောမီးလောင်သည့်နှယ် ပျံ့နှံ့သွားပါလေတော့သည် ။

ထိုသတင်းစကားများကြောင့် နေဝင်မိုးချုပ်သည် နှင့် ယင်းမာကုန်း

ရွာနှင့် ဘုရားပြိုကုန်းရွာ နှစ်ရွာကြားရှိ ယင်းမာကုန်းသင်္ချိုင်းအနီးမှ ခရေပင်ဓောက်ထိုးအနီးဝန်းကျင်သို့ မည်သူတစ်ဦးတစ် ယောက်မှ ၊ ဖြတ်သန်းသွားလာကြခြင်း မပြုကြပါလေတော့...။

ပို၍ ဆိုးဝါးသည် မှာ ပြီးခဲ့သည့်နွေရာသီကာလက ဘုရားပြိုကုန်းနှင့် ဖုန်းဆိုးကုန်းကြားရှိ ခင်တန်းတောကြီးကို မီးလောင်ခဲ့စဉ်ကလည်း ဘာမဆိုင် ညာမဆိုင်နှင့် ခရေပင်ဓောက်ထိုးကြီးမှာ တဝေါဝေါ တဝုန်းဝုန်းဖြင့် အကြောင်းမဲ့ ယိမ်းထိုး ရမ်းခါခြောက်လှန့်ခဲ့ပြန်သည် မဟုတ်ပါလား...။

ဖြစ်ချင်တော့ ထိုအချိန်က ယင်းမာကုန်းမှ ဆယ်နှစ်သားအရွယ်ကလေးနှစ်ယောက် ငှက်ပစ် ဂျိုးရှာ ထွက်ကြရင်းအဖော်များ နှင့်ကွဲကာ ခရေပင်ဓောက်ထိုးအောက်တွင် ကြောက်ကြောက်လန့်လန့် ဖြင့် အိပ်ပျော်နေကြသည် ဆို၏။ ညနေစောင်းသို့ရောက်တော့ ကလေးနှစ်ယောက် အိမ်သို့ပြန်ရောက် မလာသဖြင့် မိဘမောင်ဘွားများက စိတ်ပူကာသွားတတ်လာတတ်သောနေရာမှန်သမျှ လိုက်လံရှာဖွေ ကြသည် ။

ထိုအချိန်တွင် မိုးမရွာ လေမတိုက်ပါဘဲနှင့် ချောက်ချားထိတ်လန့်ဖွယ် တဝုန်းဝုန်းနှင့် ရမ်းခါ နေသည့် ခရေပင်ဓောက်ထိုးအောက်မှ ကြောက်လန့်တကြား ဟစ်အော်ကာ ပြေးထွက်လာကြသော ကလေးနှစ်ယောက်ကို တွေ့မြင်လိုက်ရသည် ။

"အား...အမယ်...အမယ်လေး...သ သ သရဲ...သရဲကြီး"

"အား...ခ ခရေပင် ဓောက်ထိုး...သ သရဲကြီး...ကယ်...ကယ်တော်မူကြပါဦးဗျ..."

ကြောက်လန့်တကြား အော်ဟစ်ကာပြေးထွက်လာကြသည့် ကလေးနှစ်ယောက်ကို လူကြီး များက ချော့တစ်ခါခြောက်တစ်လှည့်ဖြင့် မေးမြ

န်းကြသည့်တိုင် ချက်ခြင်းမဖြေနိုင်ကြ။ အဆိုးဆုံးမှာ ဖိုးနီဆိုသော ကောင်လေးပင်...။ စကားမေးမရ၊ ဘာမရနှင့် မျက်လုံးကြီးပြူးကြောင်ကြောင်ဖြင့် အိမ် သို့မနည်းကြီးပင် ခေါ်လာခဲ့ရသည် ။

"အင်း...တယ်ခက်တဲ့ ကလေးတွေပဲ...ပေါက်ပေါက်ရှာရှာ ခရေပင်ဓောက်ထိုးကြီးအောက်မှာ သွားပြီးအိပ်ရတယ်လို့ ၊ အခုတော့...ဒုက္ခရောက်ကြပြီမဟုတ်လား၊ သွား...သွားကြ၊ ဆရာတော်ဆီ ကိုမြန်မြန်ခေါ်သွားကြ...ကြာရင်ပိုပြီး ဆိုးလာမယ်"

ဤသို့ဖြင့် ကလေးနှစ်ယောက်ကို ဆရာတော်ကြီးက ရေမန်းများ တိုက်၍ ကုသပေးခဲ့သည် ။ သို့တိုင်အောင် ကလေးနှစ်ယောက်မှာ တဆတ်ဆတ်နှင့် တစ်ကိုယ်လုံးတုန်ခါလျက်ရှိနေဆဲပင်...ဖိုးနီ မှာ စကားမပြောနိုင်သေးသော်လည်း ကျန်ကလေးတစ်ယောက်ဖြစ်သည့် သံချောင်း၏ပြောစကား အရ လူကြီးသူမများ ပင် ထိတ်လန့်အံ့သြသွားခဲ့ကြပါ၏။

သူတို့ နှစ်ယောက် အိပ်မောကျနေစဉ် မြေလျှောင်လှုပ်သကဲ့သို့ မြေကြီးသည် တဝေါဝေါနှင့် အော်မြည် လာပြီး ခရေပင်ဓောက်ထိုးကြီးမှာ လည်း တဝုန်းဝုန်းနှင့် ဆွဲခါလှုပ်ရမ်းလာသဖြင့် လန့်နိုး လာခဲ့ကြသည် ။ ကြောက်လန့်တကြားဖြင့် ခရေပင်ဓောက်ထိုးထက်သို့ မော့ကြည့်လိုက်တော့ ရဲရဲနီနေ သော မျက်လုံးကြီးနှစ်လုံးနှင့် မည်းမည်းအကောင်ကြီးကို မြင်တွေ့လိုက်ကြရသည် ...။

"ဟာ...အ...အ...သ...သရဲ ကြီး"

ကလေးများ ၏ အော်ဟစ်သံကြောင့် ထိုမည်းမည်းသဏ္ဌာန်ကြီးမှာ ခရေပင်အိုကြီးထက်မှ ဓောက်ထိုးကြီးဆင်းချလာသဖြင့် ကြောက်လန့်တကြားအော်ဟစ်ကာပြေးထွက်လာခဲ့ကြခြင်းဖြစ် သည် ။

ထိုနေ့ညမှာ ပင် ဖိုးနီတစ်ယောက် ကိုယ်များ ခြစ်ခြစ်တောက်ပူကာ

ကယောင်ကတမ်း အော်ဟစ်နေသဖြင့် မိဘများမှာ လည်း ဘာလုပ်၍ ဘာကိုင်ရမည်မသိ၊ ပျာယာခတ်သွားကြပါ၏။ ရွယ်လယ်မှ ဗိန္ဓော ဆရာကြီး ဦးဧရာကို သွားရောက်ပင့်နေချိန်မှာ ပင်…အပူကြီးကာ တက်မတတ် ချက်မတတ် ဟစ်အော် ရုန်းကန်ရင်း ရုတ်တရက်သေဆုံးသွားပါလေတော့သည် ။

ဖိုးနီ နည်းတူပင် ကျန်ရှိသော သံချောင်းဆိုသော ကောင်လေးမှာ လည်း တစ်ရက်သာခြားကာ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားခဲ့ရခြင်းက ခရေပင်ဓောက်ထိုးကို ပို၍ ပင် သတင်းကြီး ကြောက်လန့် စေခဲ့ပါချေပြီ တည်း။

ဟိုးရှေ့ ပဝေသဏီကတည်းက မျိုးချစ်တော်လှန်ရေးသမားများကို ခရေပင်အိုကြီးတွင် နွယ်ဒါန်းကြီးများ ဖြင့် ရစ်ပတ်ကာ ဓောက်ထိုးဆွဲသတ်ခဲ့သည် ဆိုခြင်း၊ မိုးမရွာလေမတိုက်ဘဲ တဝုန်းဝုန်းဖြင့်၊ အကြောင်းမဲ့ ရမ်းခါလှုပ်ယိမ်းလျက်ရှိသော…ခရေပင်ဓောက်ထိုးမှ ဓောက်ထိုးသရဲ ကောင်ခြောက်လှန့်ခြင်း၊ ရုံဖန်ရံခါ ခရေပင်ဓောက်ထိုးရှိ ဘီလူးရုပ်ထုရှေ့တွင် ရွှေဒင်္ဂါးပြားများကို တွေ့ရှိရခြင်းစသော အဖြေခက်သည့် ပဟေဠိပုစ္ဆာများ ဖြင့် ပြည့်နှက်လျက်ရှိသော 'ခရေပင် ဓောက်ထိုး'ကြီး၏ မယုံကြည်နိုင်ဖွယ်ရာ ဖြစ်ရပ်ဆန်းများက တစ်ထောင့်တစ်ည ပုံပြင်များနှယ် မဆုံးနိုင်ပါချေပြီတည်း…။

***